# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 19, 2024 Volume 81, Number 13


၁၉.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၈.၁ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၂၁၄၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၃.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၆၇ ကျပ် |

Source: CBM Rate, etrademyanmar.com

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ချင်းပိဿာချိန် ၇၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇူလိုင်လအတွင်း ချင်းပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးကပြောသည်။

ဓနုဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လအတွင်းက ချင်းပိဿာချိန် ၄၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ချင်းပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ချင်းများတင်ပို့ရောင်းချအား တက်ခဲ့သည့်အတွက် ချင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ချင်းပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ တင်ပို့အားကောင်းလာတော့ ချင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်တဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ အခုလို ချင်းတင်ပို့မှု အားကောင်းလာတာကလဲ ပြည်တွင်းဈေးကွက်မှာ ချင်းအဝယ်လိုက်နေလို့ဖြစ်ပါတယ်။ ဒေသထွက်ချင်းတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ဒေသမှာက ချင်းကိုတစ်နိုင်တစ်ပိုင် စိုက်ပျိုးတဲ့သူတွေများပါတယ်။ အခြားဒေသတွေလောက် အများကြီးမထွက်ပေမဲ့ ပုံမှန်ထွက်ရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောသည်။

ဓနုဖြူမြို့နယ်တွင် ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ချင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါ ချင်းများတင်ပို့မှု အားကောင်းလာသည့်အတွက် ချင်းများကို ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေး ကပြောပြ၍သိရသည်။
ရတနာပုံနေ့စဉ်သတင်းစာ

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပင်လယ်စာသွေးခုံးပိဿာချိန် ၈၈,၀၀၀ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပင်လယ်စာသွေးခုံး ပိဿာချိန် ၈၈,၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မွန်က ပြောသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇွန်လက ပင်လယ်စာသွေးခုံး ပိဿာချိန် ၆၅,၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပင်လယ်စာသွေးခုံး ပိဿာချိန် ၈၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ပင်လယ်စာသွေးခုံး ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၃,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ပင်လယ်စာသွေးခုံးတွေကို ရန်ကုန်ဈေးကွက်သို့ တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကိုသွေးခုံးအမျိုးအစားတွေက ဝယ်လိုအား များနေပါတယ်။ ဇွန်လအတွင်းက ပင်လယ်စာသွေးခုံး ပိဿာချိန် ၆၅,၀၀၀ ထိပဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇူလိုင်လမှာတော့ ပိဿာချိန် ၈၈,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့တာပါ။ လက်ရှိ ဩဂုတ်လထဲမှာလဲ သွေးခုံးတွေအပါအဝင် ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် မန္တလေးပဲဈေးကွက်၌ ပဲဇီးကွက်များ အရောင်းအဝယ်သွက်နေ

ပြည်တွင်းစားသုံးမှုမြင့်တက်လာပြီး ဝယ်လိုအားများလာသည့်အတွက် မန္တလေးပဲဈေးကွက်၌ ပဲဇီးကွက်များ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ ပြောဆိုချက်အရ သိရသည်။

ယခုနှစ် မန္တလေးပဲဈေးကွက်၌ ပဲဇီးကွက်များ ပေါ်ဦးပေါ်ဖျားအချိန်က အရောင်းအဝယ်ပုံမှန်ရှိသော်လည်း ယခုအခါ ပဲဇီးကွက်ကို ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် ဝယ်လိုအားများလာကာ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် ပြည်တွင်းမှ ပဲဇီးကွက်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

"ပဲဇီးကွက်ကို ပြည်တွင်းစားသုံးမှုများပြားလာတာကြောင့် လက်ရှိမန္တလေးပဲဈေးကွက်မှာ ပဲဇီးကွက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ မြန်မာနိုင်ငံမှာ ပဲဇီးကွက်စိုက်ပျိုးလာတာ ဆယ်စုနှစ်နှစ်ခုလောက်ပဲရှိသေးတယ်။ အခုချိန်မှာ ပဲလိပ်ပြာထက်တောင် ဈေးရရှိနေပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ပဲဇီးကွက်တွင် ဇီးကွက်မျက်လုံးပုံပါရှိသောကြောင့် ပဲဇီးကွက်ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်ပြီး ပြည်တွင်းရှိ တချို့ဒေသများ၌ လာဘ်ကောင်ပဲဟု ခေါ်ဝေါ်ကြသည်။ ပဲဇီးကွက်ကို မြစ်ကမ်းဘေးနုန်းတင်မြေနုနေရာများတွင် စိုက်ပျိုးသောကြောင့် ဓာတ်မြေသြဇာဖိုး အကုန်အကျသက်သာပြီး သွင်းအားစုကုန်ကျစရိတ်လျော့ကာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၃၅ တင်းမှ တင်း ၄၀ အထိ ထွက်ရှိသောကြောင့် တောင်သူများ တွက်ခြေကိုက်သော ပဲတစ်မျိုးဖြစ်သည်။

အဆိုပါ ပဲဇီးကွက်ကို မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ရေစကြို၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံ၊ ညောင်ဦး၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူးနှင့် ဆင်ဖြူကျွန်းစသည့် မြို့နယ်တို့၌ ဆောင်းသီးနှံအဖြစ် အဓိကထားစိုက်ပျိုးကြကြောင်းသိရသည်။

Source: မြဝတီသတင်းစာ

## မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးသို့ ဩဂုတ်လအတွင်း နေ့စဉ် ကြက်ပိသာချိန် ခုနှစ်သောင်းကျော်ဝင်ရောက်



ရန်ကုန်မြို့ရှိ မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ ဩဂုတ်လအတွင်း နေ့စဉ် ကြက်ပိဿာချိန် ခုနှစ်သောင်းကျော် ဝင်ရောက်နေပြီး အသားတိုးကြက်များ အများဆုံးဝင်ရောက်ကြောင်း မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

"မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးကို နေ့စဉ် ကြက်ပိဿာချိန် ခုနှစ်သောင်းကျော်ဝင်ရောက်ပါတယ်။ လက်ရှိ ကြက်သားဈေးကောင်းရနေတဲ့အတွက် ကြက်မွေးမြူသူတွေ အဆင်ပြေပါတယ်။ အသားတိုးကြက်ကတော့ အများဆုံးဝင်ရောက်ပါတယ်"ဟု ၎င်းကပြောသည်။

မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ နေ့စဉ် ကြက်ပိဿာချိန် ခုနှစ်သောင်းကျော်ဝင်ရောက်ပြီး အသားတိုးကြက်မှာ ပိဿာချိန်ငါးသောင်းကျော်ဖြင့် အများဆုံးဝင်ရောက်လေ့ရှိကာ တခြားကြက်များလည်း ဝင်ရောက်ကြောင်းသိရသည်။

မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ ယခုလဆန်းပိုင်းတွင် အသားတိုးကြက်၊ ဆီမီးကြက်၊ ဥတုံးကြက် (ခေါ်) ကြက်နီမနှင့် တိုင်းရင်းကြက် (ခေါ်) ဗမာကြက်များ ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့် ကြက်ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်၊ ဘဲများဝင်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တချို့သို့ ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

Source: မြဝတီသတင်းစာ

## ၂၀၂၄ ခုနှစ်၊ ဒုတိယ ၃ လပတ်ကာလတွင် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၃ ဒသမ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့

ပြည်တွင်းစားသုံးမှု မြင့်တက်ခဲ့ခြင်းကြောင့် ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဒုတိယ ၃ လပတ်ကာလတွင် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ အဆိုပါ သတင်းတွင် QUICK မှ စစ်တမ်းကောက်ယူခဲ့ရာတွင် စီးပွားရေးပညာရှင်များက ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဒုတိယ ၃ လပတ်ကာလတွင် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားသည်ထက်ပင် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ပထမ ၃ လပတ်ကာလတွင် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်၊ ဒုတိယ ၃ လပတ်ကာလတွင် ဝ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်၊ မတ်လမှစတင်၍ ပထမဆုံးအကြိမ်အဖြစ် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ဂျပန်နိုင်ငံ၏ လစာနှုန်းထားများမှာ ၁ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီးနောက် ဂျပန်ဗဟိုဘဏ်မှ မူဝါဒများပြောင်းလဲသတ်မှတ်ခဲ့ကြောင်း၊ ဂျပန်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းကို ဝ ဒသမ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ခဲ့ပြီး၊ အစိုးရငွေချေး စာချုပ်ဝယ်ယူမှုကို တဖြည်းဖြည်းလျှော့ချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ နှစ်စဉ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ မြင့်တက်လာရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ဂျပန်ဗဟိုဘဏ်၏ သတ်မှတ်ရည်မှန်းနှုန်းထားဖြစ်သည့် ၂ ရာခိုင်နှုန်းကို ကျော်လွန်ခဲ့ပြီး ၂ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ပုဂ္ဂလိက၏ ဝယ်ယူသုံးစွဲနိုင်စွမ်းမှာ ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ဒုတိယ ၃ လပတ်ကာလတွင် ပထမ ၃ လပတ်ကာလနှင့်နှိုင်းယှဉ်ပါက ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၌ မော်တော်ယာဉ်အသစ်များ ရောင်းချရမှုနှုန်းမှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ဂျပန်အစိုးရက တစ်ဦးလျှင်တစ်ကြိမ် အခွန်ပေးဆောင်

ရမည့်ငွေမှ ယန်း ၄၀,၀၀၀ (အမေရိကန်ဒေါ်လာ၂၇၀) လျှော့ချပေးဆောင်ခွင့်ပြုပြီးနောက် ပုဂ္ဂလိက၏ ဝယ်ယူသုံးစွဲနိုင်စွမ်းမှာ မြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

(သုဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

**Source: The Nikkei Asia**

https://myantrade.gov.mm/

## မွေးမြူရေးအစာစက်ရုံများ အဝယ်ရှိ၊ ဈေးကွက်လက်ကျန်နည်း၊ ပြောင်းဖူးစေ့ဈေး မြင့်တက်လာမှုအခြေအနေ

ပြောင်းဖူးစေ့ကို ပြည်ပတင်ပို့မည့် ကုမ္ပဏီများက ဇွန်လ၊ ဇူလိုင်လများတွင် ဝယ်ယူမှုရှိခဲ့ပြီး ရေလမ်းခရီးဖြင့် မန္တလေး ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့တင်ပို့၍ ပြည်ပသို့တင်ပို့ခဲ့ကြသည်။ ယခုအခါ ပြည်ပတင်ပို့သည့် ကုမ္ပဏီများမှစာချုပ်အရ တင်ပို့ရမည့်အရေအတွက် ပြည့်မီသွားပြီးဖြစ်၍ ဝယ်ယူမှုမရှိသေးကြောင်းသိရသည်။ ဩဂုတ်လ ဒုတိယပတ်အတွင်း မန္တလေး ကုန်စည်ဒိုင်သို့ ဗန်းမော်ဘက်မှသာ ပြောင်းဖူးစေ့ အနည်းငယ်ဝင်ရောက်မှုရှိနေပြီး ဈေးကွက်လက်ကျန်နည်းနေကြောင်း၊ မွေးမြူရေးအစာစက်ရုံများမှ ဝယ်လိုအားရှိနေ၍ ပြောင်းဖူးစေ့ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်းသိရသည်။

ပြောင်းဖူးစေ့(ဗမာ) ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၇၄,၀၀၀ မှ ၇၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၈,၀၀၀ မှ ၆၉,၀၀၀၊ ယခင်လကျပ် ၆၅,၀၀၀မှ ၆၆,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၆၀၀၀၊ ယခင်လထက် ကျပ် ၉၀၀၀ မြင့်တက်လာသည်။

ပြောင်းဖူးစေ့(ရှမ်း) ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၇၆,၀၀၀ မှ ၇၈,၀၀၀၊ ယခင်တစ်ပတ်/ ယခင်လ ကျပ် ၇၁,၀၀၀ မှ ၇၂,၀၀၀ ဖြစ်ခဲ့သည်။ တစ်အိတ်လျှင် ကျပ် ၅၀၀၀ မှ ၆၀၀၀ မြင့်တက်လာသည်။

ပြောင်းဖူးစေ့(စီပီ) ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၇၆,၀၀၀ မှ ၇၈,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၇၁,၀၀၀ မှ ၇၂,၀၀၀၊ ယခင်လ ကျပ် ၆၉,၀၀၀ မှ ၇၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၆၀၀၀၊ ယခင်လထက်ကျပ် ၇၀၀၀ မှ ၈၀၀၀ မြင့်တက်လာခဲ့သည်။

**Source:** မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ပေါ်ဆန်းဆန်ကို အရန်ဆန်အဖြစ်ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်နေ

ပြည်တွင်း၌ အရန်ဆန်ထားရှိမှုတွင် ပေါ်ဆန်းဆန်ကိုပါ အရန်ဆန်အဖြစ်ထားရှိရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က နိုင်ငံပိုင်သတင်းဌာနကို ပြောသည်။

လာမဲ့ရာသီမှာတော့ ပေါ်ဆန်းကိုပါ အရန်ဆန်ထဲထည့်ဖို့ စီစဉ်နေပါတယ်။ ဧည့်မထကတော့ လုံလုံလောက်လောက်နဲ့ ဖြန့်ဖြူးပေးနေပါတယ်" ဟု ဦးရဲမင်းအောင်က ပြောသည်။

လက်ရှိတွင် ပို့ကုန်ကိုအခြေပြုသည့် အရန်ဆန်အစီအစဉ်ထဲ၌ ဧည့်မထဆန်များကို ထားရှိထားကာ လာမည့် ဆန်စပါးရာသီ၌ ပေါ်ဆန်းကိုပါ ထားရှိနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်ဟု သူကရှင်းပြသည်။ “အဲဒီအရန်ဆန်တွေကို ဆန်စပါး အသင်းချုပ်ကဝယ်တယ်။ ဝယ်ပြီးတဲ့အခါကျရင် ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိကစက်မှုဇုန်အလုပ်သမားတွေကို ပြန်ပြီးတော့ ရောင်းပေးတာပေါ့နော်။ ဒါကတော့ ပို့ကုန်ကိုအခြေပြုတဲ့ အရန်ဆန်အစီအစဉ်ဖြစ်ပါတယ်။ ဧည့်မထဆန်တွေကို ရောင်းပေး ပါတယ် ”ဟု သူက ထပ်လောင်းပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်းကာ ပြည်သူများအတွက် လိုအပ်သည့် အရန်ဆန်ထားရှိမှုအစီအစဉ်၌ ပို့ကုန်တစ်တန်ကို ဆန် ၁ အိတ်မှ ၃ အိတ်ထားရှိထားကြောင်းလည်း သိရသည်။

လက်ရှိတွင်လည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းက သတ်မှတ်ထားသည့် ဆန်ဆိုင်များ၌ ပေါ်ဆန်းဆန်တစ်ပြည် ၅၀၀၀ ကျပ်၊ ဧည့်မထဆန်တစ်ပြည် ၃၀၀၀ ကျပ်ဖြင့် ရောင်းချပေးနေကြောင်းလည်း သိရသည်။

ထို့ပြင် ရေလွှမ်းမှုကြောင့် ပြန်လည်စိုက်ပျိုးရန်လိုအပ်သည့် စပါးစိုက်ခင်းများကို အတိုးမဲ့မျိုးစပါးနှင့်ဓာတ်မြေဩဇာဖိုးငွေ ထောက်ပံ့ပေးနိုင်ရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆိုသည်။

**Source:** https://www.popularmyanmar.com/

## နှမ်းမျိုးစုံဈေး စံချိန်တင်မြင့်တက်လာ

ပို့ကုန်သမားများနှင့် ပြည်တွင်းဆီစက်များ ဝယ်ယူမှုကောင်းနေခြင်းကြောင့် နှမ်းမျိုးစုံဈေး စံချိန်တင်မြင့်တက်လာကြောင်း နှမ်းကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းမှစတင်ကာ နှမ်းမျိုးစုံဈေးတဖြည်းဖြည်း မြင့်တက်လာပြီး နှမ်းနက်(စမုန်) တစ်အိတ်လျှင် ကျပ် ၆၈၀,၀၀၀ ကျော်ထိ စံချိန်တင်ပေါက်ဈေးဖြစ်လာကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက်တွင် နှမ်းနက်နှင့်နှမ်းဖြူတို့ကို ပြည်ပဝယ်ယူမှုများရှိနေပြီး အက်ဆစ်လွတ်နှမ်းများ ဈေးကောင်းရရှိနေပြီး ဆောင်းနှမ်းလက်ကျန် ဈေးကွက်ထဲနည်းလာပြီး နွေနှမ်းများ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

ဇူလိုင်လအတွင်းက နှမ်းထွက်ရှိရာဒေသအချို့တွင် ရေနစ်မြုပ်မှုများကြောင့် နှမ်းစိုက်ဧကများ ပျက်စီးမှုရှိခဲ့ပြီး အထွက်နှုန်း လျော့နိုင်ခြင်းကြောင့် နှမ်းဈေးမြင့်တက်လာခြင်းဖြစ်သည်။

မန္တလေးဈေးကွက်၌ ဩဂုတ်လ ၁၅ ရက်တွင် နှမ်းနက် (စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၆၀၀,၀၀၀-၆၈၀,၀၀၀ ကြား၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၄၇၀,၀၀၀-၄၇၅,၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀-၃၉၀,၀၀၀ ပေါက်ဈေးရှိနေပြီး နှမ်းအမျိုးအစားအလိုက် ယခင်လထက် တစ်အိတ်လျှင် ကျပ် ၆၀,၀၀၀ ကျော် ဈေးမြင့်တက်လာကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## အိန္ဒိယ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပဲမျိုးစုံတင်သွင်းမှု လျော့ကျဖွယ်ရှိသည်ဟု ကုန်သည်များပြောဆို

အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီဥတုအခြေအနေကောင်းမွန်ခြင်းက ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမြင့်မားပြီး လက်လီဈေးနှုန်းများ နိမ့်ကျမှု ဖြစ်စေနိုင်သဖြင့် ပဲမျိုးစုံတင်သွင်းမှုမှာ ယခင်နှစ်၌ တင်သွင်းခဲ့သော တန်ချိန် ၄၇ ဒသမ ၃၈ သိန်းမှ လျော့ကျလျက် လက်ရှိ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် သိန်း ၄၀ မှ ၄၅ သိန်းအတွင်းသာ တင်သွင်းရဖွယ်ရှိကြောင်း အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) ၏ ဥက္ကဋ္ဌ Bimal Kothari က ဩဂုတ်လ ၉ ရက်၌ ပြောကြားခဲ့သည်။

မူဝါဒများအား မကြာခဏပြောင်းလဲခြင်းသည် ပဲမျိုးစုံလုပ်ငန်းကဏ္ဍ၌ ပါဝင်လုပ်ကိုင်နေသူအားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေသဖြင့် အစိုးရအနေဖြင့် ရူပီးငွေ ကုဋေ ၂ ဒသမ ၅ သိန်း ရှိသော ပဲမျိုးစုံဈေးကွက်အတွက် ကာလရှည် မူဝါဒတစ်ရပ်ကို မူဘောင်ချမှတ်သင့်ကြောင်း IPGA ကုန်သည်အသင်းက တောင်းဆိုထားသည်။

ယခင်ဘဏ္ဍာနှစ်၌ ပဲမျိုးစုံတင်သွင်းမှု မြင့်မားခဲ့ခြင်း၊ ၂၀၂၄-၂၀၂၅ သီးနှံရာသီကာလ၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ဖွယ်ရှိခြင်းတို့ကြောင့် ယခုနှစ် ပဲမျိုးစုံတင်သွင်းမှုမှာ တန်ချိန် သိန်း ၄၀ မှ ၄၅ အတွင်းရှိမည်ဟု ခန့်မှန်းခြင်းဖြစ်ကြောင်း၊ အိန္ဒိယ၏ ပဲနီလေးတင်သွင်းရန် လိုအပ်ချက်မှာ တန်ချိန် ၁၀ သိန်းခန့်သာရှိသော်လည်း ယခင်ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၆ သိန်းအထိ တင်သွင်းခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်၌ တင်သွင်းခဲ့မှုနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် စားတော်ပဲတင်သွင်းမှုသည်လည်း ကျဆင်းဖွယ်ရှိကြောင်း၊ ယခုနှစ် မုတ်သုံရာသီ၌ မိုးရွာသွန်းမှု ကောင်းမွန်မှုရှိရာ မိုးသီးနှံပဲမျိုးစုံ စိုက်ဧကများ တိုးတက်လာခဲ့ပြီး အထွက်ပမာဏသည်လည်း တိုးတက်လာမည်ဟု ခန့်မှန်းရကြောင်းဖြင့် နယူးဒေလီမြို့တွင် ကျင်းပသည့် အိန္ဒိယပဲမျိုးစုံဆိုင်ရာ ဆွေးနွေးပွဲ ၂၀၂၄ (Bharat Dalhan Seminar 2024) ၌ Mr. Kothari က ပြောဆိုခဲ့သည်။

လက်ကားဈေးကွက်တွင် ပဲမျိုးစုံဈေးနှုန်းများသည် လွန်ခဲ့သောတစ်လခန့်မှစ၍ ကျဆင်းလာခဲ့ပြီး ဆက်လက်၍လည်း ကျဆင်းမည်ဟု ခန့်မှန်းရကြောင်း၊ တစ်လတာအတွင်း ပဲစင်းငုံ လက်ကားဈေးနှုန်းသည် တစ်ကီလိုဂရမ်ပေါ်တွင် ရူပီးငွေ ၂၀ ခန့် လျော့ကျခဲ့ကြောင်း၊ ယခုနှစ်၌ ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်လိမ့်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းဈေးကွက် ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် နှစ်စဉ် တင်သွင်းမှု ပမာဏအပေါ် ၉၀ ရာခိုင်နှုန်းမြင့်တက်လျက် ၂၀၂၃-၂၀၂၄ ခုနှစ်၌ ပဲမျိုးစုံတန်ချိန် ၄၇ ဒသမ ၃၈ သိန်းအထိ တင်သွင်းခဲ့ရခြင်းဖြစ်သည်ဟု အစိုးရက လွှတ်တော်သို့ ယခင်လ၌တင်ပြခဲ့သည်။

ဘဏ္ဍာနှစ်အလိုက် အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှုမှာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တန်ချိန် ၂၄ ဒသမ ၆၆ သိန်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်၌ တန်ချိန် ၂၆ ဒသမ ၉၉ သိန်းနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တန်ချိန် ၂၄ ဒသမ ၉၆ သိန်း အသီးသီးရှိခဲ့သည်။ လက်ရှိဘဏ္ဍာနှစ်တွင် ဧပြီလနှင့် မေလအတွင်း ပဲမျိုးစုံ တန်ချိန် ၁၁ ဒသမ ၃၂ သိန်းကို တင်သွင်းထားပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုမှာ တိုးတက်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တန်ချိန် ၁၆၃ ဒသမ ၂၃ သိန်းရှိရာမှ ၂၀၂၃-၂၀၂၄ ခုနှစ်၌ တန်ချိန် ၂၄၄ ဒသမ ၉၃ သိန်းသို့ မြင့်တက်ခဲ့ကြောင်း အစိုးရ၏ တတိယအကြိမ်ခန့်မှန်းချက် ထုတ်ပြန်မှုအရ သိရှိရသည်။

**Source: Economic Times, 9 Aug 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## STOCK EXCHANGE (19.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,485 (Shares) | 109,256,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | -100 | -1.09% | 9,000 | 9,100 | 9,000 | 837 | 7,547,400 | 33,109,694 | 301,298 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,500 | 3,550 | 3,450 | 5,482 | 19,121,800 | 38,929,150 | 138,199 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 10,400,986 | 88,408 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 52 | 91,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1 | 2,850 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 665 | 1,138,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,500 | 230 | 1,057,300 | 10,497,598 | 48,289 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 3,218 | 10,297,600 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 19th Aug. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.30 | -1.36 | -0.33% | 408.51 | 411.30 | 407.43 | 10,485 | 39,256,700 | 8 | 775,789 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Aug, 2024

| Trading Volume | Trading Value |
|---|---|
| 30,660 (Shares) | 113,847,200 (MMK) |

### Main Board

As of 1:00 pm, 19th Aug, 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 30,485 (Shares) | 109,256,700 (MMK) |

| MYANPIX | 411.30 ▼ 1.36 |
|---|---|
| Total Volume (shares) | 10,485 |
| Total Value (MMK) | 39 mil |
| Listed Company | 8 |
| Market Cap. (MMK) | 775,789 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▼ 100 |
| MTSH | 00002 | 3,550 | ▲ 50 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,200 | ▼ 50 |

TIR